# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၁)

# လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချည်းကပ်ခြင်း (၂)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူ့အဖွဲ့အစည်း အတွက်ညီမျှတဲ့ အခြေခံတရပ်ကို အုပ်မြစ်ချတည်ဆောက်ရပါတယ်။ ပြီးတော့ အစိုးနဲ့ လူထုအကြားမှာ၊ လူ့အလွှာတွေ လူမျိုးတွေအကြားမှာ၊ တိုင်းပြည်အုပ်ချုပ်မှု ယန္တယားတခုနဲ့ တခုအကြားမှာ အပြန်အလှန်ကြပ်မတ်တဲ့ စနစ်နဲ့ ဟန်ချက်ညီအောင် ထိမ်းညှိပေးထားရတယ်။ ဆပ်ကပ်ပြကွက်တခုနဲ့ ဥပမာပြော ပါရစေ။ ကောင်းကင်ကြိုးတန်းပေါ်မှာ တက်ပြီးမတ်တပ်ရပ် လမ်းလျှောက်တဲ့ ပြကွက်ကို လေ့လာကြည့်ပါ။ ဘာကြောင့် သူဒီလို လမ်းလျှောက်နိုင်ပါသလဲ။ သူ့ခြေထောက်အောက်မှာ နင်းထားတဲ့ ကြိုးတန်းက ဖြောင့်တန်းညီမျှ မှုရှိလေ လျှောက်ရတာ ပိုလွယ်လေဖြစ်တယ်။ ဒါပေမယ့် အောက်ခြေ ညီမျှမှုရှိရုံနဲ့ ကောင်းကင်ကြိုးတန်းပေါ်မှာ မလျှောက်နိုင်သေးပါဘူး။ အောက်ကိုပြုတ်ကျမသွားအောင် ဝါးလုံး ရှည်တချောင်းကို မြဲမြဲကိုင်ပြီး ကိုယ်ခန္ဓာရဲ့ ဟန်ချက်ကို ထိမ်းညှိပေးနိုင်တဲ့ အခါကျမှသာ လျှောက်နိုင်တာဖြစ် ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ဒီသဘောဘဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ၊ ညီမျှတဲ့ အခြေခံတရပ်ကို အုပ်မြစ်ချတည်ဆောက်ပြီး အပြန်အလှန်ကြပ်မတ်တဲ့ စနစ်ကို ဖေါ်ဆောင်ပေးနိုင်ဘို့ လွန်စွာမှ အရေးကြီးလှပါတယ်။ ဒီလို တည်ဆောက်ဖေါ်ဆောင်ပေးနိုင်မှသာ တိုင်းပြည်ဟာ တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှုတွေ ခံစားရပြီး တိုးတက်ဖွံ့ ဖြိုးမှုကို ဦးတည်နိုင်ပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ညီမျှတဲ့ အခြေခံလို့ တဖက်ကပြောနေတယ်။ အခြားတဘက်ကလည်း အရပ်သား လူထုနိုင်ငံရေးခေါင်းဆောင်တွေရဲ့ ကြီးကြပ်ဦးဆောင်တဲ့အောက်မှာ စစ်တပ်ကိုထားရှိဘို့ ဖြစ်တဲ့ "လူထုအုပ် ချုပ်ရေး လွှမ်းမိုးမှု"သဘောတရား (Civilian Supremacy) ကို တင်နေသေးတယ်။ ဒီ နှစ်ခုဟာ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား။ တခုက အခြားတခုရဲ့အထက်မှာ နေဘို့ လိုတယ်လို့ အဆိုပြုတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံရမယ့် ညီမျှမှု အခြေခံကို မထိခိုက်ဘူးလား လို့ စေါဒက တက်ဘွယ်ရှိပါတယ်။

မှန်ပါတယ်။ သာမန်အားဖြင့် ကြည့်ရင် ဒီလိုဘဲ ယူဆနိုင်စရာ ရှိပါတယ်။ နအဖ ဦးဆောင်ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စစ်တပ်က လူထုရဲ့အထက်မှာနေရေးကို မူချမှတ်ရေးဆွဲထားတာဖြစ်တယ်။ (Military Supremacy) လို့ ပြောနိုင်တယ်။ အဲဒါဟာ တိုင်းပြည်အနေနဲ့ တကယ်လျှောက်လှမ်းသင့်တဲ့ လမ်းကြောင်းဖြစ် သလား။ ဒါနဲ့ ပြောင်းပြန်ဖြစ်တဲ့ "လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု"သဘောတရားကိုသာ ခိုင်ခိုင်မာမာဆုတ်ကိုင်ပြီး တည်ဆောက်သွားရမှာလား။ လူထုအနေနဲ့ ဒီနှစ်ခုအနက် တခုခုကို ပြတ်ပြတ်သားသား စဉ်းစားရွေးချယ်ရမှာ ဖြစ်ပါတယ်။ ကြားအဆင့် လုံးဝမရှိပါဘူး။ "အခုတော့ စစ်တပ်ကို ဦးဆောင်မှု ပေးထားမယ်။ နောက်တော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖြေးဖြေးပြင်ဆင်ပြီး တိုင်းပြည်ကို ကောင်းအောင်တည်ဆောက်သွားမယ်" ရယ်လို့ စိတ်ကူးယဉ်လို့ မရပါဘူး။

ဘာကြောင့်လဲ ဆိုတော့ နအဖ ချမှတ်ထားတဲ့ မူတွေအရဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖြေးဖြေးပြင်သွား ဘို့ဆိုတာ လုံးဝမဖြစ်နိုင်တော့လို့ ပါဘဲ။ စစ်ဗိုလ်တွေက လေးပုံတပုံပါပြီး တက်ရောက်နေတဲ့ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်ဦးရေရဲ့ ၇၅ ရာခိုင်နှုန်းအထက်ရမှ ပြင်ခွင့်ရှိမယ်လို့ သတ်မှတ်ထားတဲ့အပေါ် အသေအချာ စဉ်းစားကြည့်ပါ။ အရပ်ဝတ်နဲ့ တက်လာမယ့် ကိုယ်စားလှယ်တွေထဲမှာ စစ်တပ်ကို လိုလားထောက်ခံမယ့် သူတွေပါဦးမှာ သေချာတော့ ၇၅ ရာခိုင်နှုန်းအပြည့်ရဘို့ ဆိုတာဖြစ်နိုင်ပ့ါ မလား။ အပြည့်ရရုံနဲ့ တောင် ပြင်လို့ မရသေးပါဘူး။ ကျော်ဘို့ လိုပါတယ်။ ၇၅ ရာခိုင်နှုန်းကျော်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ခွင့်ရအောင် ဘယ်စစ်ဗိုလ်တဦးတလေကများ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး မဲပေးရဲပ့ါ မလဲ။ ဒါကြောင့် နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်မယ်ဆိုရင် ပြင်လို့ မရနိုင်တော့ဘူးဆိုတာ ရှင်းလောက်ပါပြီ။

ဒီတော့ ရွေးစရာက နှစ်လမ်းဘဲ ရှိပါတယ်။ နအဖ ဖွဲ့စည်းပုံကို ပြတ်ပြတ်သားသား ထောက်ခံမလား။ ဒါမှမဟုတ်ပြတ်ပြတ်သားသား ဆန့်ကျင်မလား။ လူထုက အဓိက ဆုံးဖြတ်နိုင်ခွင့်ရဘို့ ဝိုင်းဝန်းကြိုး ပမ်းပေးကြရမှာပါ။

လူထုရော စစ်ဘက်ဆိုင်ရာက ပုဂ္ဂိုလ်များပါ စဉ်းစားနိုင်ဘို့အတွက် "လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု" သဘောတရားဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံရမယ့် ညီမျှမှုမူနဲ့ မဆန့်ကျင်ဘူး ဆိုတာကို ဆက်လက်တင်ပြပါမယ်။ ဒါကို နားလည်နိုင်ဘို့အတွက် အရပ်ဘက်လူထုနဲ့ စစ်တပ်ရဲ့ မတူတဲ့ သဘာဝ နှစ်ရပ်ကို သတိပြုဘို့ လိုပါတယ်။

တကမ္ဘာလုံးမှာ စစ်တပ်ဆိုတာကို အထက်အမိန့်နာခံမှုနဲ့ တည်ဆောက်ရတယ်။ အထက်က ပေးတဲ့ အမိန့်ကို အောက်ခြေတပ်မှူးတပ်သား အဆင့်ဆင့်က နာခံရတယ်။ စစ်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ အပေါ် အခြေခံပြီးအမိန့်နာခံမှုကို တည်ဆောက်တာဟာ တပ်ရဲ့အသက်သွေးကြောဖြစ်တယ်။ အထက် အမိန့်နာခံမှု ကင်းမဲ့ သွားပြီဆိုရင်တပ်ဟာ ပျက်တော့တာပါဘဲ။

ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးခေါင်းဆောင်တွေသာမက၊ အုပ်ချုပ်ရေးယန္တယားတွေမှာ တာဝန်ယူရတဲ့ အဆင့်ဆင့်အစိုးရအမှုထမ်းတွေဟာလည်း အောက်ခြေလူထုရဲ့သဘောထားဆန္ဒကို သိရှိအောင် အမြဲကြိုးစားရ တယ်။ အောက်ခြေလူထုတွေဆီက ပေးတဲ့အကြံပေးချက်တွေကို ရယူရတယ်။ အောက်ခြေလူထုအများစုရဲ့တင်ပြ ချက်တွေအတိုင်း အကောင်အထည်ဖေါ်နိုင်အောင် စီစဉ်လုပ်ဆောင်ရတယ်။ အစိုးရရဲ့မူဝါဒတွေဟာ အောက်ခြေ လူထု အများစုရဲ့အကြံပေးချက်တွေကို မထင်ဟပ်တော့ဘူး၊ အစိုးရ အုပ်ချုပ်ရေးယန္တယားတွေဟာ အောက်ခြေ လူထု တွေရဲ့တင်ပြချက်တွေကို အလေးမထားတော့ဘူး၊ ငါတို့ဟာ တိုင်းပြည်ခေါင်းဆောင်တွေဘဲ၊ အုပ်ချုပ်သူ တွေဘဲ ဆိုပြီး ထင်ရာလုပ်ကြတော့မယ် ဆိုရင် ဒီမိုကရေစီဟာ ပျက်တော့တာပါဘဲ။

ဒီလိုဆိုရင် အထက်အမိန့်နာခံမှုကို အဓိကထားတည်ဆောက်ရတဲ့ စစ်တပ်နဲ့ အောက်ခြေလူထု အ များစုကြီးရဲ့ သဘောထားကို အလေးထားနာခံရတဲ့ ဒီမိုကရေစီစနစ်ဆိုတဲ့ မတူတဲ့သဘာဝ နှစ်ရပ်ကိုဘယ်လို ပေါင်းစပ်မလဲ။ စနစ်တကျ ပေါင်းစပ်နိုင်ရင် တိုင်းပြည်တည်ငြိမ်မယ်။ ငြိမ်းချမ်းမယ်။ မပေါင်းစပ်နိုင်ရင် တိုင်းပြည် ဝရုန်းသုန်းကား ဖြစ်မယ်။ ယနေ့တိုင်းပြည် ဝရုန်းသုဉ်းကားဖြစ်နေတာ၊ ဖြစ်ခဲ့တာတွေဟာ ဒီအခြေခံပြသနာ ကြောင့်ပါဘဲ။

ဒါကို ဖြေရှင်းနိုင်ဘို့အတွက် ပထမဆုံးအနေနဲ့ တပ်မတော်ရဲ့အဓိက တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ တိတိကျကျ သတ်မှတ်ပေးဘို့လိုပါတယ်။ အဲဒါကတော့ **တိုင်းပြည်ကို ပြည်ပအန္တရာယ်မှ ကာကွယ်ရေး** ဖြစ်ပါ တယ်။ အရေးပေါ်အခြေအနေဆိုင်ရာ ပြဌာန်းချက်မျိုးအောက်မှာတော့ သဘာဝဘေး အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့ အခါမျိုးတွေမှာ လူထုအစိုးရက အမိန့်ပေးရင် တပ်မတော်သားတွေဟာ လူထုရဲ့အခက်အခဲတွေကို ကူညီဖြေရှင်း ပေးဘို့တာဝန်ကိုလည်း ပြဌာန်းပေးဘို့ လိုပါလိမ့်မယ်။

ဒုတိယအနေနဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဟာ လူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ အရပ် သား ကာကွယ်ရေး ဝန်ကြီးနဲ့ ဝန်ကြီးချုပ်တို့ရဲ့ ဦးဆောင်မှု အောက်မှာဂုဏ်သိက္ခာရှိစွာ တာဝန်ထမ်းဆောင် ရမှာဖြစ်တယ်။ မျက်မှောက် ထိုင်းနိုင်ငံကို လေ့လာကြည့်ပါ။ အာဏာသိမ်းအုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရဟာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး လူထုအစိုးရကို အာဏာလွှဲပြောင်းပေးအပ်ခဲ့ပါ တယ်။ ကာကွယ်ရေးဝန်ကြီးရာထူးကို စစ်ဗိုလ်ချုပ်ဟောင်းတဦးဦးကို တာဝန်ပေးအပ်ဘို့ ထိုင်း တပ်မတော်က ဖိအားပေးခဲ့တယ်။ ဒါပေမယ့် လူထုအစိုးရက လက်မခံပါဘူး။ နောက်ဆုံးမှာအရပ်သားဝန်ကြီးချုပ်ဖြစ်တဲ့ ဆမတ် ကိုယ်တိုင် ဝန်ကြီးချုပ်ရာထူးရော၊ ကာကွယ်ရေးဝန်ကြီးတာဝန်ကိုပါ ပူးတွဲကိုင်လိုက်ပါတယ်။ အခုအချိန်မှာ ထိုင်း တပ်မတော်ဟာ လူထုအစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ပြန်လည်တာဝန်ထမ်းဆောင်နေပါပြီ။ ဒါဟာ ထိုင်း တင်မဟုတ်ဘဲ တကမ္ဘာလုံးမှာ ကျင့်သုံးတဲ့ စနစ်ဖြစ်ပါတယ်။

တတိယ အနေနဲ့အခြားလက်နက်ကိုင်တပ်ဖွဲ့တွေအပေါ် ကြီးကြပ်ကွပ်ကဲမှုကို တပ်မတော်ထံမှာ အပ် နှင်းမထားဘဲ လူထုအစိုးရက တိုက်ရိုက်ကိုင်ထားဘို့ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။ တပ်မတော်ဆိုတာ တိုင်း ပြည်တခုမှာ တရပ်ထဲဘဲ ထားလေ့ရှိကြတယ်။ အားကောင်းအောင်လည်းဘဲ တည်ဆောက် ကြရပါတယ်။ တချိန် ထဲမှာ အားကောင်းပြီး ထိမ်းမရတဲ့ အနေအထားမျိုးလည်းမဖြစ်အောင် နည်းလမ်းတွေ ရှာဖွေကြရတယ်။ ဒီ အခါမှာ အားကောင်းတဲ့ တပ်မတော်ကြီးတရပ်ကို ထိမ်းနိုင်ဘို့အတွက် ညီမျှမှုအခြေခံ ကနေအပြန်အလှန်ထိမ်း ကျောင်းတဲ့ စနစ်ကို ရှာဖွေလာရပါတယ်။ တိုင်းပြည်မှာ လက်နက်ကိုင်တပ်မတော်ကြီးတရပ်ကို သူ့ချည်းဘဲထား ရင် လူ့အဖွဲ့အစည်းရဲ့ချိန်ခွင်ဟာ သူ့ဘက်မှာ အထူးအလေးသာပြီး တဖက်စေါင်း နင်းဖြစ်နေမယ်။ ဒါကြောင့် စစ်တပ်နဲ့စစ်တိုက်ရာမှာသုံးတဲ့ စစ်ထောက်လှမ်းရေး ကလွဲရင် ကျန်တဲ့လက်နက်ကိုင်တပ်ဖွဲ့တွေဖြစ်တဲ့ ထောက် လှမ်းရေးအဖွဲ့တွေအားလုံး၊ ရဲတပ်ဖွဲ့နဲ့ လုံးထိမ်းအဖွဲ့တွေအားလုံး၊ ဒေသဆိုင် ရာကာကွယ်ရေးအဖွဲ့တွေ၊ ပြည်သူ့ စစ်အဖွဲ့တွေ အားလုံးကို လူထုအစိုးရရဲ့တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ထားရတယ်။ စစ်တပ်ရဲ့ ကွပ်ကဲမှုအောက်မှာ ထားလို့မရပါဘူး။

အခုလက်တွေ့ဖြစ်နေတာက ဒါနဲ့တခြားစီပါ။ တပ်မတော်ဟာ လူထုအစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှု အောက်မှာ မရှိ။ တချိန်ထဲမှာ အခြားလက်နက်ကိုင်တပ်ဖွဲ့တွေ အားလုံးဟာလည်း တပ်မတော်ရဲ့ တိုက်ရိုက် ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ရှိခဲ့တဲ့ အတွက် ပြီးခဲ့တဲ့ သံဃာ့အရေးတော်ပုံကြီးမှာ ဗုဒ္ဓဘာသာဝင်တွေ အားလုံး

က ရတနာတပါးအဖြစ် တန်ဘိုးထားရတဲ့ ကသံဃာတော်တွေဟာ လူမဆန်ရက်စက်စွာ သတ်ဖြတ်၊ ညှင်းဆဲ၊ ဖိနှိပ်ခံခဲ့ရတာ ဖြစ်ပါတယ်။

တောင်ဥက္ကလာပက ငွေကြာရံ ဘုန်းတော်ကြီးကျောင်းကို စစ်တပ်ကအမိန့်ပေး ဦးဆောင်၊ ရဲတပ်ဖွဲ့နဲ့ အခြားလုံခြုံရေးတပ်ဖွဲ့တွေပါသုံးပြီး အကြမ်းဘက် ဝင်ရောက်စီးနင်းခဲ့တာ အထင်အရှားပါ။ တကျောင်းလုံး ခြေချစရာမရှိအောင် ကွဲကြေနေတဲ့ မှန်စတွေနဲ့ ပစ္စည်းအကျိုးအပဲ့တွေ၊ ခေါင်းပြတ်နေတဲ့ဘုရား ဆင်းတုတော်တွေ၊ တစစီပျံ့ကြဲနေတဲ့ သံဃာတော် အသုံးအဆောင်ပစ္စည်းတွေ၊ သင်္ကန်းတွေကို အတင်းဆွဲချွတ်ပြီး သံဃာတွေကို ရိုက်နှက် ခေါ်ဆောင်သွားတာကြောင့် စုတ်ပြတ်ကျန်နေခဲ့တဲ့သင်္ကန်းစတွေ၊ သံဃာတော်တွေရဲ့ ခန္ဓာကိုယ်ကထွက်ကျကျန်ခဲ့တဲ့ သွေးကွက်ကြီးတွေကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရတဲ့ လူထုတွေဟာ နှလုံးကြေကွဲမတတ် ခံစားခဲ့ကြရပါတယ်။ ဒီဖြစ်ရပ် တခုထဲကိုကြည့်ရုံနဲ့ သံဃာတော်တွေနဲ့ လူထုတွေ ဘယ်လောက်အထိ ထိခိုက်နစ်နာသွားပြီလဲ ဆိုတာသိနိုင်ပါတယ်။ မြန်မာ လူ့အဖွဲ့အစည်းတရပ်လုံးရဲ့ ယဉ်ကျေးမှုအဆင့်ဟာလည်း သုညအထိကို ကျဆင်းနစ်နာသွားခဲ့ရပြီလို့ ပြောနိုင်တယ်။

ဒီရာဇဝတ်မှုကြီးကို ကျူးလွန်ဘို့အမိန့်ပေးခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်တဲ့ ဗိုလ်ချုပ်ကြီး တစုနဲ့ တပ်မတော်သားထုတရပ်လုံးရော မနစ်နာဘူးလား။ အဖတ်ဆယ်လို့ မရလောက်အောင် နစ်နာသွား ခဲ့ပါပြီ။ **မိတ္တဒြိုဟ်၊ လက်မရွံ့ရာဇဝတ်သား၊ အကြမ်းဘက်သမားတွေ အဖြစ်** သတ်မှတ်ခံလိုက်ရတာလောက် နစ်နာသွားတာ ဘယ်မှာရှိနိုင်ပါ့မလဲ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ ယုံကြည်ချက်အရဆိုရင် ဒီဘဝသာမက တသံသရာလုံးမှာ ခံကြရတော့မှာ ဖြစ်ပါတယ်။

ဒီလို နှစ်ဘက်လုံး နစ်နာမှုမျိုးတွေ ထပ်မံမဖြစ်ပွားဘို့နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိစေဘို့အတွက်ဆိုရင် တပ်မတော်ကို လူထုအစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ဂုဏ်သိက္ခာရှိစွာထားရှိ၊ တိုင်းပြည်ရဲ့ အခြားလက်နက်ကိုင်တပ်ဖွဲ့ မှန်သမျှကို လူထုအစိုးရက တိုက်ရိုက်ချုပ်ကိုင်ထားတဲ့ အခြေခံကနေ တိုင်းပြည်ကို လက်တွေ့ တည်ဆောက်သွားဘို့ နည်းလမ်းကလွဲလို့ အခြားမရှိနိုင်ပါဘူး။

လက်နက်ကိုင်တပ်ဖွဲ့တွေအားလုံးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ ရှိရမယ် ဆိုပြီးပြဋ္ဌာန်းထားတဲ့ နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံမူဟာ စစ်ဘက်ဆိုင်ရာက လူထုအပေါ် လွှမ်းမိုးမှုမူကို အတိအလင်းချမှတ်ကျင့်သုံးထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးသာ အတည်ဖြစ်သွားမယ် ဆိုရင်ငွေကြာရံ ဘုန်းတော်ကြီးကျောင်းလို အဖြစ်ဆိုးမျိုး အခုထက်ပိုပြီး အဆများစွာဖြစ်လာမယ်ဆိုတဲ့ အကြောင်း၊ တိုင်းပြည်ဟာလည်း အခုထက်ပိုပြီး နစ်နာမယ့် အကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။